ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၇) ၂၀၂၅ ခုနှစ် ဇူလိုင်လ ၄ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၅ |
| ၂။ | ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၆-၇ |
| ၃။ | ဗြိတိန်နိုင်ငံတွင် တရားသူကြီးမှရှေ့နေများအား တရားရုံးတွင် AI (Artificial Intelligence) ကို အလွဲသုံး၍တင်ပြသော အကျိုးဆက်များနှင့်စပ်လျဉ်း၍ သတိပေးခြင်း။ | ၈-၁၀ |
| ၄။ | Hungary နိုင်ငံသည် အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်း။ | ၁၁-၁၂ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ၌ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားခြင်းဆိုင်ရာညွှန်ကြားချက်၊ ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ထိန်းသိမ်း၊ကြပ်မတ်ရေး လုပ်ငန်းကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း၊ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အောက်တွင် ဆပ်ကော်မတီ ၈ ခု ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဗဟိုဘဏ်ဒစ်ဂျစ်တယ်ငွေကြေးထုတ်ဝေမှု ဆိုင်ရာဗဟိုကော်မတီဖွဲ့စည်းခြင်း၊ AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းစသည့် အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြ ဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် အမိန့်အမှတ်၅၀/၂၀၂၅ ဖြင့်ထုတ်ပြန်ခဲ့သည့် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်း ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီသည် ပြည်တွင်း ပြည်ပကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုနှင့် အခက်အခဲများမရှိစေရေးဆောင်ရွက်ရာတွင် ရွှေ နှင့်ငွေကြေးဈေးကွက်တည်ငြိမ်မှုသည် များစွာအရေးပါသည့်အတွက် ဗဟိုကော်မတီ၏လုပ်ငန်းများကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေရန်ရည်ရွယ်၍ ဗဟိုကော်မတီ၏ကွပ်ကဲမှုအောက်တွင် ပြည်တွင်းရွှေနှင့် ငွေကြေးဈေးနှုန်းများတည်ငြိမ်မှုရှိစေအောင် ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်မည့် ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီတွင် စုစုပေါင်း(၂၁)ဦးပါဝင်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ဒုတိယဥက္ကဋ္ဌအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ အတွင်းရေးမှူးအား ဒုတိယဥက္ကဋ္ဌ(၁)အဖြစ်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးအား ဒုတိယဥက္ကဋ္ဌ(၂)အဖြစ်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်းတွေ့ရှိရပါသည်။

ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ထိန်းသိမ်း၊ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၇/၂၀၂၁၊ နိုင်ငံခြားငွေစီမံခန့်ခွဲမှု ဥပဒေကိုပြင်ဆင်သည့် ဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အမိန့်ကြော်ငြာစာအမှတ်(၃၅/၂၀၂၁)၊ (၄၃/၂၀၂၁) နှင့် (၄၆/၂၀၂၁) ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များနှင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များအပေါ် လိုက်နာမှု ရှိ/မရှိ စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ဆောင်ရွက်ရန်နှင့် ပြည်တွင်းရွှေဈေးကွက်အတွင်း ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် ရောင်း/ဝယ်မှုများကို စိစစ်ဖော်ထုတ်နိုင်ရေးအတွက် အရောင်းအဝယ်စာရင်းများကို လိုအပ်သလို စစ်ဆေးခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်ထားသော ငွေပေးချေမှုစည်းမျဉ်းများကို လိုက်နာမှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် ပြည်တွင်းရွှေဈေးကွက်တည်ငြိမ်မှုကို ပျက်ပြားစေသောရည်ရွယ်ချက်ဖြင့် ဆောင်ရွက်မှုပြုသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်ဖော်ထုတ်စေ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အရေးယူဆောင်ရွက်ရန် ဖြစ်ပါသည်။

ထို့ပြင် နိုင်ငံခြားသုံးငွေကိုင်ဆောင်ရောင်း/ဝယ်ခွင့်ရရှိသော နိုင်ငံပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်နှင့် ငွေလဲကောင်တာ (Money Changer)များ၏ နိုင်ငံခြားသုံးငွေ အဝင်/အထွက်စာရင်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့်အညီ စောင့်ကြည့်စစ်ဆေးခြင်း၊ ကုန်ပစ္စည်းတင်ပို့/တင်သွင်းခြင်းဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ၊ လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို လိုအပ်သလိုစစ်ဆေးခြင်း၊ လိုက်နာမှုမရှိသူများကို အရေးယူခြင်းများဆောင်ရွက်ရန်နှင့် နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊

ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်းပြုလုပ်သူများကို သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးဖော်ထုတ်စေပြီး အရေးယူရန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၁)ပါ ကျပ်သိန်း ၂၀၀ ထက်ပိုသည့်ငွေပေးချေမှုများတွင် ဘဏ်စနစ်အသုံးပြု၍ ဆောင်ရွက်မှု ရှိ/မရှိ သက်ဆိုင်ရာဌာနများမှစိစစ်စေပြီး လိုက်နာမှုမရှိသူများကို အရေးယူဆောင်ရွက်ရန်ဖြစ်ပါသည်။

အိမ်၊ ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့သော အခြေပစ္စည်းများအားရောင်းဝယ်ပြီး ပိုင်ဆိုင်မှု လွှဲပြောင်းရာတွင် သက်ဆိုင်ရာဌာနများမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကန့်သတ်ချက်များအတိုင်း လိုက်နာမှု ရှိ/ မရှိ စိစစ်စေ၍ လိုက်နာမှုမရှိပါက အရေးယူဆောင်ရွက်ရန်နှင့် ဘဏ်များတွင် အပ်နှံထားသည့်ငွေများကို ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသားလက်ဝယ်ထိန်းသိမ်းထားသူများက ဘဏ်အကောင့်ဖြင့် အပ်နှံထားသည့် ငွေများကို ငွေသားဖြင့် လဲလှယ်ထုတ်ယူလိုသူများအား ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများအား စုံစမ်းစစ်ဆေးဖော်ထုတ်စေပြီး ပါဝင်ပတ်သက်သူများကို အရေးယူဆောင်ရွက်ရန်လည်း တာဝန်ရှိကြောင်း သိရှိရပါသည်။

ပြည်တွင်းရွှေဈေးကွက်နှင့် နိုင်ငံခြားသုံးငွေဈေးကွက်ကို ကြပ်မတ်ထိန်းကျောင်းမှုပြုရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာစေခြင်း (Law Enforcement)၊ ဌာနဆိုင်ရာများ၏ ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများရရှိစေခြင်းအလို့ငှာ လိုအပ်သော ဆပ်ကော်မတီများ၊ စစ်ဆေးရေးအဖွဲ့များဖွဲ့စည်းတာဝန်ပေး၍ ဆောင်ရွက်သွားရန်နှင့် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို နေ့စဉ်ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီသို့ တင်ပြရန်၊ ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ လစဉ်အစီရင်ခံစာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြရန် တာဝန်ရှိပါသည်။

အဆိုပါရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၏ ရုံးအဖွဲ့အတွက် အုပ်ချုပ်မှုနှင့် လိုအပ်သောကုန်ကျစရိတ်အဝဝကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရန်ပုံငွေမှကျခံသုံးစွဲရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၇) ၂၀၂၅ ခုနှစ် ဇူလိုင်လ ၄ ရက်

## ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၅၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၆/ ၂၀၂၅ ဖြင့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်းဆိုင်ရာညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာပါပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်းဆိုင်ရာညွှန်ကြားချက်တွင် အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ လိုင်စင်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပေးခြင်း၊ လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း၊ လိုင်စင်ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူလျှောက်ထားခြင်း၊ ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်း၊ ခွင့်ပြုမိန့်ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူလျှောက်ထားခြင်းနှင့် အထွေထွေဟူ၍ အခန်း ၈ ခန်းဖြင့် ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း၊ လိုင်စင်မိတ္တူလျှောက်ထားခြင်း၊ လုံခြုံရေးဝန်ထမ်းခန့်ထားခြင်း၊ ယင်းဝန်ထမ်း၏ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ခြင်းနှင့်ခွင့်ပြုမိန့်မိတ္တူလျှောက်ထားခြင်း၊ ဝန်ဆောင်မှုသင်တန်းဖွင့်လှစ်ရန် သီးခြားတင်ပြမည့်အချက်များစသည်တို့ကို ထုတ်ပြန်ထားကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် လိုင်စင်ရရှိသူများလိုက်နာရမည့်စည်းကမ်းချက်များကိုလည်း ထည့်သွင်းထုတ်ပြန်ထားကြောင်း တွေ့ရှိရပါသည်။

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုရမည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းများကို ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီ၏

ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည့်အပြင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုတည်းကိုသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်ကိုလည်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းမြစ် : မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၇) ၂၀၂၅ ခုနှစ် ဇူလိုင်လ ၄ ရက်

## ဗြိတိန်နိုင်ငံတွင် တရားသူကြီးမှရှေ့နေများအား တရားရုံးတွင် AI (Artificial Intelligence)ကို အလွဲသုံး၍တင်ပြသော အကျိုးဆက်များနှင့်စပ်လျဉ်း၍ သတိပေးခြင်း

ဗြိတိန်နိုင်ငံတွင် တရားသူကြီးတစ်ဦးမှ AI(Artificial Intelligence)ဖြင့် ရှာဖွေရရှိသော စီရင်ထုံးအတုများကို ရှေ့နေများမှ တရားရုံးသို့တင်ပြခြင်းကြောင့် ဖြစ်ပေါ်လာမည့်အကျိုးဆက်များ အပေါ်သတိပေးချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ ဇွန်လ ၆ ရက်နေ့တွင် ထုတ်ပြန်သောစီရင်ချက်၌ တရားရုံးသို့တင်ပြသောအမှု ၂ ခုတွင် AI(Artificial Intelligence)ကိုအသုံးပြု၍ အမှန်တကယ် တည်ရှိခြင်းမရှိသောကိုးကားချက်များပါဝင်သည်ဟု ဥပဒေပညာရှင်များကို သံသယရှိကြောင်း သုံးသပ်ခဲ့ပါသည်။

အဆိုပါ ၂ မှုအနက်တစ်မှုသည် တရားရုံးသို့တင်ပြသည့် စီရင်ချက်ပြန်လည်သုံးသပ်ချက်နှင့် သက်ဆိုင်သောကိစ္စဖြစ်ပြီး အငယ်တန်းရှေ့နေတစ်ဦးက မူကြမ်းရေးသားထားသော တရားရုံးသို့ တင်ပြချက်တွင် ပြဋ္ဌာန်းချက်များနှင့် သွေဖယ်သောအကြောင်းအရာများဖော်ပြခြင်းနှင့် အမှန်တကယ် တည်ရှိခြင်းမရှိသော အမှု ၅ ခုကို ကိုးကားဖော်ပြခြင်းတို့ပါဝင်နေကြောင်း တွေ့ရှိခဲ့ရပါသည်။ ယင်းအမှုမှရှေ့နေ၏သက်သေထွက်ဆိုချက်တွင်မူ AI (Artificial Intelligence)ကို အသုံးပြုထားခြင်းမရှိကြောင်း ငြင်းဆိုထားပါသည်။ ဒုတိယတစ်မှုတွင် ရှေ့နေသည် တရားရုံး၏အမိန့်ကို ပယ်ဖျက်ပေးစေလိုမှုအတွက် တင်ပြလျှောက်ထားခြင်းဖြစ်ပြီး ယင်းသို့လျှောက်ထားရာတွင် အမှန်တကယ် တည်ရှိခြင်းမရှိသော အဖြစ်အပျက်များအား ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ ယင်းရှေ့နေမှ ၎င်းအနေဖြင့် မည်သူမဆိုရယူနိုင်သော AI(Artificial Intelligence)ကို အသုံးပြုထားကြောင်း ဝန်ခံခဲ့သည်ကို တွေ့ရှိရပါသည်။

တရားသူကြီးသည် ဥပဒေပညာရှင်များကို တရားရုံးမထီမဲ့မြင်ပြုမှုဖြင့် အရေးယူခြင်းမပြုလုပ်ခဲ့သော်လည်း စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ တရားသူကြီးက ဤဆုံးဖြတ်ချက်သည် စီရင်ထုံးပြုရမည့်ဆုံးဖြတ်ချက်မဟုတ်ကြောင်းနှင့် ရှေ့နေများကို အလားတူဖြစ်ရပ်မျိုးအတွက် အရေးယူမှုများပြုလုပ်နိုင်ကြောင်း အလေးထားပြောကြားခဲ့ပါသည်။ ဗြိတိန်နိုင်ငံတွင်

အရေးယူမှုများပြုလုပ်ပါက ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးပို့ခြင်း၊ တရားရုံးမထီမဲ့မြင်ပြုမှုအတွက် ထောင်ဒဏ် နှစ် နှစ်အထိ ချမှတ်ခံရနိုင်ခြင်း၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ထံ လွှဲပြောင်းပေးခြင်း၊ လျှောက်လွှာ တင်ပြချက်အား ပယ်ချခြင်းနှင့် အများပြည်သူဆိုင်ရာသတိပေးချက်ထုတ်ပြန်ခြင်းအစရှိသော အရေးယူ မှုများပါဝင်ကြောင်း တွေ့ရှိရပါသည်။

AI(Artificial Intelligence)ကို အသုံးပြုခြင်း၏အကျိုးကျေးဇူးများသည် တရားမမှုများနှင့် ရာဇဝတ်မှုများတရားစွဲဆိုခြင်းကိစ္စရပ်များ၌ အရေးပါသောကဏ္ဍမှပါဝင်ကြောင်း၊ ယင်းစနစ်သည် လက်ရှိကျင့်သုံးလျက်ရှိသည့် ရှေ့နေများစံသတ်မှတ်ခြင်းဆိုင်ရာဘုတ်အဖွဲ့မှ သတ်မှတ်ထားသည့် လက်စွဲလမ်းညွှန်များနှင့် ရှေ့နေများကျင့်ဝတ်တို့နှင့် ညီညွတ်စွာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တရားစီရင်ရေးစနစ်လည်ပတ်ရန်အတွက်မူ တရားရုံးများအနေဖြင့် ရှေ့နေများ၏တင်ပြချက်များတွင် ၎င်းတို့၏ဂုဏ်သိက္ခာသမာဓိရှိမှုအပေါ်တွင်သာ အားကိုးအားထားပြုရန် လိုအပ်မည်ဖြစ်သဖြင့် ရှေ့နေများ၏ AI(Artificial Intelligence)ကို ပညာရှင်မဆန်စွာဖြင့် အသုံးပြုခြင်းကို လျှော့ပါးလာ စေရန် အစီအမံများဆောလျင်စွာချမှတ်ဆောင်ရွက်ရန် တရားသူကြီးက သုံးသပ်တင်ပြခဲ့ပါသည်။

ရှေ့နေများကောင်စီနှင့် ရှေ့နေများစံသတ်မှတ်ခြင်းဆိုင်ရာ ဘုတ်အဖွဲ့မှ AI (Artificial Intelligence) အသုံးပြုခြင်းဆိုင်ရာကျင့်ဝတ်များနှင့်စပ်လျဉ်း၍ တရားဝင်လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ဗြိတိန်နိုင်ငံတွင် AI (Artificial Intelligence)ကို အလွဲသုံးကြောင်း စွပ်စွဲခံရသည့်အမှုများတွင် ဤအမှုသည် ပထမဆုံးအကြိမ်ဖြစ်ပွားသောကိစ္စရပ်မဟုတ်ဘဲ အခြား နိုင်ငံများတွင်မူ ရှေ့နေများမှ အမှုစစ်ဆေးစီရင်ခြင်းတွင် AI(Artificial Intelligence)ကို လွဲမှားစွာ အသုံးပြုသည်ကိုတွေ့ရှိခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုတွင် Mata v Avianca အမှု၊ Park V Kim အမှုနှင့် Lacey v State farm General Insurance အမှုတို့၏ တင်ပြချက်များ၌ AI မှ ရရှိသည့်အချက်အလက်များပါဝင်ခဲ့သည်ဟု တွေ့ရှိရကြောင်း၊ အလားတူ ဩစတြေးလျနိုင်ငံတွင် Valu v Minister for Immigration အမှုကို လည်းကောင်း၊ နယူးဇီလန်

နိုင်ငံတွင် Wikley v Kea အမှုကိုလည်းကောင်း၊ ကနေဒါနိုင်ငံတွင် Ahang v Chen အမှုကို လည်းကောင်း AI(Artificial Intelligence)ကို အလွဲသုံးသဖြင့် အရေးယူခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ရာ နည်းပညာများခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်တစ်ပြိုင်နက် အဆိုပါနည်းပညာကို အသုံးပြုရာတွင် လွယ်ကူမြန်ဆန်နိုင်သော်လည်း မှန်ကန်သည့်နည်းလမ်းများဖြင့် အသုံးပြုရန် လိုအပ်ပြီး တရားစီရင်ရေးကဲ့သို့သောကိစ္စရပ်များတွင်မူ မှန်ကန်တိကျသော အချက်အလက်များ ရရှိနိုင်ခြင်းရှိ မရှိကို သေချာဆန်းစစ်အသုံးပြုရန် လိုအပ်ပါသည်။ AI (Artificial Intelligence) သည် လူမှုအဖွဲ့အစည်းများ၌ ကမ္ဘာပေါင်းစုံတွင် ခေတ်မီနည်းပညာတစ်ရပ်အဖြစ် အသုံးပြုခြင်းဖြင့် ကောင်းမွန်သောအကျိုးကျေးဇူးများရရှိနိုင်ပါသော်လည်း ယင်းနည်းပညာတွင် ဖော်ပြပါရှိသော အချက်အလက်များကိုအသုံးပြုရာတွင် အသုံးပြုသူ၏ဝေဖန်ပိုင်းခြားနိုင်သည့် ဉာဏ်ပညာဖြင့်သာ ချိန်ဆ၍ အသုံးပြုသင့်ပါကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် : https://www.jurist.org/news/2025/06/uk-judge-warms-lawyers-of-consequences-for-misusing-ai-in-court-fillings/

## Hungary နိုင်ငံသည် အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်း

Hungary အာဏာပိုင်များသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ICC ၏ အခြေခံသဘောတူစာချုပ်ဖြစ်သည့် Rome Statute မှ နုတ်ထွက်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ တရားဝင် အကြောင်းကြားခဲ့ပါသည်။ ဟန်ဂေရီအစိုးရ(Hungary)၏ နုတ်ထွက်မှုသည် Rome Statute အပိုဒ် ၁၂၇ အရ ၂၀၂၆ ခုနှစ် ၊ ဇွန်လ ၂ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ပါသည်။ ထိုနေ့မတိုင်မီအထိ ICC အဖွဲ့ဝင်အနေဖြင့် ၎င်း၏ တာဝန်များကို ဆက်လက်လိုက်နာဆောင်ရွက်ရန် တာဝန်ရှိမည်ဖြစ်ပါသည်။

Hungary ၏ နုတ်ထွက်မှုသည် EU အဖွဲ့ဝင်များ၏ "တင်းကြပ်သောလိုက်နာမှုနှင့် နိုင်ငံတကာဥပဒေဖွံ့ဖြိုးတိုးတက်မှု"ဆိုသည့် EU ၏ အခြေခံစံနှုန်းနှင့် ဆန့်ကျင်ရာရောက်နိုင်မည်ဖြစ်၍ EU မှ Hungary ၏ဆုံးဖြတ်ချက်ကို လတ်တလောပြန်လည်သုံးသပ်လျက်ရှိကြောင်း ကြေညာထားပါသည်။ EU ၏ ပြန်လည်သုံးသပ်မှုရလဒ်အပေါ်မူတည်၍ ဥရောပသမဂ္ဂသဘောတူစာချုပ်တွင် အလေးပေးဖော်ပြထားသည့် နိုင်ငံတကာဥပဒေကိုလိုက်နာရန် Hungary ၏ တာဝန်ဝတ္တရားကို သိသိသာသာချိုးဖောက်သည်ဟုယူဆပါက ကော်မရှင်သည် Hungary ကို ရန်ပုံငွေထောက်ပံ့မှု ဆိုင်းငံ့ထားနိုင်မည်ဖြစ်ပါသည်။ ယခင်က Hungary သည် ဥရောပသမဂ္ဂသဘောတူစာချုပ်များတွင် အလေးပေးဖော်ပြခဲ့သော တရားဥပဒေစိုးမိုးရေးကဲ့သို့သော အခြေခံစံနှုန်းများကို ချိုးဖောက်သည့်အတွက် Hungary အား ဥရောပသမဂ္ဂ မှ ဒဏ်ခတ်အရေးယူမှုပြုခဲ့ပါသည်။

Hungary က ICC သည် "နိုင်ငံရေးအရ လှုံ့ဆော်ပေးသည့်တရားရုံးစနစ်ဖြစ်သည်" ဆိုသည့် အချက်ကိုအကြောင်းပြု၍ ICC မှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ဟန်ဂေရီ၏ နုတ်ထွက်မှုနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့သည် EU အဖွဲ့ဝင်များအပါအဝင် ICC အဖွဲ့ဝင်များကို Hungary ၏ ဆုံးဖြတ်ချက်အပေါ် ပြန်လည်စဉ်းစားသုံးသပ်နိုင်ရေးအတွက် တိုက်တွန်းပြောကြားရန် တောင်းဆိုခဲ့ပါသည်။

ဘူရွန်ဒီ နှင့် ဖိလစ်ပိုင်တို့သည် ICC မှ 2017 နှင့် 2019 ခုနှစ်တွင် အသီးသီး နုတ်ထွက်ခဲ့ရာ Hungary ၏ နုတ်ထွက်မှုစတင်အသက်ဝင်ပါက Hungary သည် ICC မှနုတ်ထွက်သည့် တတိယမြောက်နိုင်ငံဖြစ်လာနိုင်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://www.jurist.org/news/2025/06/hungary-condemned-over-withdrawal-from-icc/
- https://www.hrw.org/news/2025/06/16/hungary-orban-government-withdraws-from-icc

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

